# တလုတ်ကုန်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တလုတ်ကုန်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ

# မာတိကာ


| | | | စာမျက်နှာ |
|---|---|---|---|
| စကားချီ | | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ တလုတ်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ | | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | | ၆ |
| (၁) | နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | | ၈ |
| | (က) | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | ( ခ) | စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | ( ဂ) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | ( င) | ပညာရေး | ၁၀ |
| | ( စ) | ကျန်းမာရေး | ၁၀ |
| | (ဆ) | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | ( ဇ) | ကျား/မ ရေးရာ | ၁၀ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | | ၁၁ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | | ၁၂ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | | ၁၃ |
| | ဇယား (၁) | လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၃ |
| | ဇယား (၂) | ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၄ |
| | ဇယား (၃) | ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၄ |
| | ဇယား (၄) | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၅ |
| | ဇယား (၅) | ဥစ္စာဓနအဆင့်အခြေအနေ | ၁၇ |
| | ဇယား (၆) | စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၈ |
| | ဇယား (၇) | ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၁၉ |
| | ဇယား (၈) | မွေးမြူရေးလုပ်ငန်း | ၂၀ |
| | ဇယား (၉) | မွေးမြူရေးမဟုတ်သော စီပွားရေးလုပ်ငန်းကဏ္ဍ | ၂၁ |

| | | | |
|---|---|---|---|
| | ဇယား (၁၀) | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၂၂ |
| | ဇယား (၁၁) | ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၃ |
| | ဇယား (၁၂) | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၄ |
| | ဇယား (၁၃) | သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | ၂၄ |
| | ဇယား (၁၄) | လျှပ်စစ်မီးရရှိမှု | ၂၅ |
| | ဇယား (၁၅) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၅ |
| | ဇယား (၁၆) | ကျောင်းတက်နှုန်း | ၂၅ |
| | ဇယား (၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၆ |
| | ဇယား (၁၈) | အဖြစ်များသော ရောဂါများ | ၂၇ |
| | ဇယား (၁၉) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | ၂၇ |
| | ဇယား (၂၀) | ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) | ၂၈ |
| | ဇယား (၂၁) | သောက်သုံးရေရရှိမှု | ၂၉ |
| | ဇယား (၂၂) | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) | ၂၉ |
| | ဇယား (၂၃) | ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ | ၃၀ |
| | ဇယား (၂၄) | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ | ၃၁ |
| | ဇယား (၂၅) | ကျား/မ ရေးရာ | ၃၁ |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | ၃၂ |

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ တလုတ်ကုန်း ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ် ဖြစ်ပါသည်။ စီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့်  စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင်မဆို လူထုပူးပေါင်း ပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍအစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိလာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း  စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော တလုတ်ကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
တလုတ်ကုန်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

# တောင်တွင်းကြီးမြို့နယ် ၊ တလုတ်ကုန်းကျေးရွာ  အရင်းအမြစ်ပြမြေပုံ




ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ တလုတ်ကုန်းကျေးရွာအုပ်စု ၊ တလုတ်ကုန်းကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

တလုတ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသော ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသော အချက်များ ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့်ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

**( ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေးဆိုင်ရာလိုလားချက်များ ၊ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေ အဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

( ဂ ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

တလုတ်ကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီးမြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး (၇၆၀)စတုရန်းမိုင် ဖြစ်ပါသည်။ တလုတ်ကုန်းကျေးရွာသည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ်နှင့် ၂၀ ဒီဂရီ ၀၇ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ်နှင့် ၉၅ ဒီဂရီ ၄၅ မိနစ်ကြား တည်ရှိပါသည်။ အရှေ့ဘက်တွင် နေပြည်တော်ကောင်စီနယ်မြေ ၊ လယ်ဝေးမြို့နယ် တို့နှင့် ထိစပ်လျက်ရှိပါသည်။ အမြင့်ဆုံးအပူချိန်မှာဧပြီလတွင် ၄၄.၅ ဒီဂရီ စင်တီဂရိတ်ရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် ၁၁.၅ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး မိုးအများဆုံး ရွာသွန်းသောကာလမှာ ဩဂုတ်လနှင့် စက်တင်ဘာလ တို့ဖြစ်ပါသည်။ မိုးတွင်းကာလတွင် မြေနိမ့်ပိုင်းဖြစ်သောကြောင့် ချောင်းရေကြီး၍ ရွာတွင်း လမ်းနှင့် ရွာချင်းဆက်လမ်းများ ရေလွှမ်းမိုးခြင်းကြောင့် လမ်းအခက်အခဲကြုံတွေ့ရပါသည်။

တလုတ်ကုန်းကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး တလုတ်ကုန်းအုပ်စုတွင် တလုတ်ကုန်း ကျေးရွာ ၊ နှစ်ကျပ်ခွဲ ၊ လမိုင်း ၊ သရက်ခုံ ၊ သိုက်ရိုးကျေးရွာတို့ပါဝင်ပါသည်။ တလုတ်ကုန်းကျေးရွာ၏ မြောက်ဘက် (၁)မိုင်ခန့်အကွာတွင် တလုတ်ကုန်းကျေးရွာနှင့် တောင်လျှောင်းဘူတာ ၊ ဈေးကုန်းတို့ကို ပိုင်းခြားထားသော ရန်ပယ် (ခ) ချောင်းပဲ့ချောင်းတို့ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ အုန်းပင် စသသည့် အပင်များ ပေါက်ရောက်ပါသည်။မိုးစပါး စိုက်ပျိုးနိုင်သော လယ်ဧက (၄၃၇) ရှိပြီး သီးထပ်သီးနှံအဖြစ် ကုလားပဲ ၊ မတ်ပဲနှင့် နှမ်းတို့ကို စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာအနီး ခြောက်ထောင်ဆည်မှ စမ်းရေကောင်းမွန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူပြုပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဘုန်းကြီးကျောင်းဂေါပကအဖွဲ့၊အရေးပေါ်လူမှုကူညီရေးအာယုသုခလူငယ်ပရဟိတ အဖွဲ့ ၊ နာရေးကူညီမှုအဖွဲ့အစည်းများ ဖွဲ့စည်း ထားရှိပါ သည်။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဆိုင်သော သာရေး၊ နာရေး၊ လူမှုရေးကိစ္စကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ဂေါပကအဖွဲ့ ၊ ပရဟိတလူငယ်အဖွဲ့ နှင့် ကျေးရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ပြင်ပမှ အသေးစားချေးငွေများ ဖြစ်သော ပက်စ်မြန်မာ၊ သမဝါ ယမ ငွေစု ငွေချေးအဖွဲ့ နှင့် အစိုးရငွေချေးဘဏ်များလည်း ရှိပါသည်။

**( ခ) စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ် စိုက်ပျိုးနိုင်ကြပြီး အဓိကသီးနှံမှာစပါးဖြစ်၍ ကုလားပဲ ၊ မတ်ပဲ ၊ နှမ်းတို့ကို သီးထပ်သီးနှံ အဖြစ်စိုက်ပျိုး

ကြပါသည်။ကျေးရွာ၏စိုက်ပျိုးမြေကေမှာ (၄၃၇) ရှိပြီး စပါးအထွက်နှုန်းမှာ တစ်ကေ လျှင် (၄၀)တင်းမှ အများဆုံး (၇၅)တင်းထွက်ပြီး ပျမ်းမျှ(၅၀) တင်းထွက် ရှိပါသည်။ ကုလားပဲ အထွက်နှုန်းမှာ အနည်းဆုံး (၁၀)တင်းမှ အများဆုံး (၁၅)တင်းထွက်ရှိပြီး ပျမ်းမျှအားဖြင့် (၁၁)တင်း ထွက်ပါသည်။မတ်ပဲ အထွက်နှုန်းမှာ အနည်းဆုံး ( ၃ ) တင်းမှ အများဆုံး (၆) တင်း ထွက်ပြီး ပျှမ်းမျှ (၃.၅) တင်း ထွက်ရှိပါသည်။နှမ်းထွက်နှုန်းမှာ အနည်းဆုံး (၆) တင်းမှ အများဆုံး (၁၂)တင်းထွက်ရှိပြီး ပျမ်းမျှအားဖြင့် (၈)တင်း ထွက်ရှိပါသည်။ထိုသီးနှံထွက်ကုန်များ အတွက် ဈေးကွက် အချိန်အဆက်နှင့် ရောင်းချရေးစနစ်များသည် ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ စွမ်းဆောင်နိုင်ခြင်း မရှိပါ။မိုးရိုးဖလာနည်းဖြင့်သာ သီးနှံများစိုက်ပျိုးကျသောကြောင့် စိုက်ပျိုးရေး နည်းစနစ်များ မှန်ကန်မှုမရှိခြင်း စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းတို့ကြောင့် ထွက်နှုန်း နည်းပါးကြပါသည်။စပါး ၊ ကုလားပဲ ၊ မတ်ပဲ နှင့် နှမ်းတို့အတွက် ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါးကြပါသည်။သီးနှံထုတ်လုပ်မှုမှာ ဝင်ငွေနည်းပါးသည့် အတွက် ပြည်ပသို့ထွက်၍ ဝင်ငွေများ ရှာကြရပါသည်။ ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကိုင်သူများရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်းကြောင့် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပါသည်။

## (ဂ) အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများ အားလုံးသည် သန့်ရှင်းသော သောက်သုံးရေသုံးစွဲရန် အဝီစိတွင်းများ တူးဖော်၍ အသုံးပြုကြပါသည်။ကျေးရွာတွင် မူလတန်း ကျောင်း (၁)ကျောင်း ရှိပြီး ဆရာ/ဆရာမ (၇) ဦးခန့် ရှိပါသည်။အထက်တန်းအဆင့်အတွက် ကျေးရွာမှ (၁)မိုင်ခန့်ကွာဝေးသော အောင်ခိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

ကျန်းမာရေး ဝန်ဆောင်မှုများအတွက် ဆေးပေးခန်းမရှိပါ။ကိုယ်ဝန်ဆောင် မိခင်များ ၊ မွေးကိုက်လူနာများနှင့် အရေးပေါ်လူနာများမှာ ရွာနှင့်(၂၀)မိုင်ခန့် ဝေးသော တောင်တွင်းကြီးမြို့နယ် ဆေးရုံသို့ သွားရောက်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုဝင် အများစုမှာ ဆိုလာစနစ်ဖြင့်သာ မီးအသုံး ပြုကြပြီး ကျန်အနည်းငယ်မှာ မီးသုံးစွဲနိုင်ခြင်း မရှိပါ။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးများချိန်တွင် ရွံ့ဗွက်များ ထူထပ် သဖြင့် သွားလာရန် ခက်ခဲပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ကျပ် ( ၁၅၀၀၀၀) နှုန်း ထုတ်ချေးပါသည်။

( င ) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိပါသည်။ရွာသားအများစုသည် အခြေခံ အရေး အဖတ် အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာမူလတန်းရှိပြီး အလယ်တန်းနှင့်အထက်တန်းအဆင့်အတွက် ကျေးရွာမှ (၁)မိုင်ခန့် ကွာဝေးသော တောင်လျောင်း ၊ အောင်ခိုင်ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းသို့ သွားရောက် ပညာသင်ကြားရပါသည်။

( စ ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး အခြားလူများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံစိုက်ပျိုးခြင်းတို့အတွက် ဓာတုဗေဒ ကွန်ပေါင်း မြေဩဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ် မထည့်သွင်းနိုင် ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများ နှင့် ကြုံတွေ့နေရပါသည်။

( ဇ ) **ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားက ဦးဆောင်လေ့ရှိသည်။အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေရသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ၊ ကောက်စိုက်ခြင်း ၊ အမျိုးသားများသည် လယ်ထွန်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များဖြစ်သည့် ရှင်ပြု အလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း ၊ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြသည်။လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ဒေသတွင်းအုပ်ချုပ် ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရှိရပါ သည်။မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး အထိ ကျား/မ တန်းတူ အခွင့်အရေး ရှိပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | တလုတ် ကုန်း | တလုတ် ကုန်း | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း။ | ၁ | |
| ၂ | | | ရွာတွင်းရေနုတ်မြောင်း တူးဖော်ခြင်း။ | ၂ | |
| ၃ | | | ကျေးရွာလူငယ်ပရဟိတရုံးခန်း ဆောက်လုပ်ခြင်း။ | ၂ | |
| ၄ | | | ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း။ | ၃ | |
| ၅ | | | စာကြည့်တိုက် ဆောက်လုပ်ခြင်း။ | ၃ | |
| ၆ | | | မူလတန်းကျောင်းဆောင်ပြုပြင်ခြင်း။ | ၄ | |
| ၇ | | | မူလတန်းကျောင်းခြံစည်းရိုးခတ်ခြင်း။ | ၄ | |
| ၈ | | | အသက်မွေးဝမ်းကျောင်း သင်တန်း ဖွင့်လှစ်ခြင်း။ | ၅ | |
| ၉ | | | ရွာချင်းဆက်လမ်းတံတားဆောက်လုပ်ခြင်း။ | ၆ | |
| ၁၀ | | | ကျေးလက်ကျန်းမာရေးကြက်ခြေနီသင်တန်း ဖွင့်လှစ်ခြင်း။ | ၇ | |

၅။ **တောင်တွင်းကြီးမြို့နယ်၊ တလုတ်ကုန်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း။ | ၁ | √ | | | | |
| ၂ | ရွာတွင်းရေနုတ်မြောင်း တူးဖော်ခြင်း။ | ၂ | | √ | | | |
| ၃ | ကျေးရွာလူငယ်ပရဟိတရုံးခန်း ဆောက်လုပ်ခြင်း။ | ၂ | | | | √ | |
| ၄ | ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ခြင်း။ | ၃ | | √ | | | |
| ၅ | စာကြည့်တိုက် ဆောက်လုပ်ခြင်း။ | ၃ | | | √ | | |
| ၆ | မူလတန်းကျောင်းဆောင်ပြုပြင်ခြင်း။ | ၄ | √ | | | | |
| ၇ | မူလတန်းကျောင်းခြံစည်းရိုးခတ်ခြင်း။ | ၄ | | √ | | | |
| ၈ | အသက်မွေးဝမ်းကျောင်း သင်တန်း ဖွင့်လှစ်ခြင်း။ | ၅ | | | | | √ |
| ၉ | ရွာချင်းဆက်လမ်းတံတား ဆောက်လုပ်ခြင်း။ | ၆ | √ | | | | |
| ၁၀ | ကျေးလက်ကျန်းမာရေးကြက်ခြေနီ သင်တန်းဖွင့်လှစ်ခြင်း။ | ၇ | | | | √ | |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) တလုတ်ကုန်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | - | ၁ | ၁ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၄ | ၃၀ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၂၃ | ၁၆ | ၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၉ | ၂၃ | ၅၂ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၆ | ၂၈၅ | ၅၉၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၈ | ၂၆ |
| **စုစုပေါင်း** | | **၃၉၂** | **၃၅၇** | **၇၄၉** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၁၇၄** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ တလုပ်ကုန်းကျေးရွာသည် လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူ အများစု ဖြစ်ပြီး အသက် ( ၆၅ )နှစ်ထက် လူဦးရေ (၃.၅) ရာခိုင်နှုန်းဖြစ်ပြီး ကျန်းမာရေး ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ကျေးရွာ၏ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ (၈၀) ရာခိုင်နှုန်း ရှိသော်လည်း အလုပ် အကိုင် နှင့် ဝင်ငွေနည်းခြင်း ၊ ဝင်ငွေပုံမှန်နည်းပါးခြင်းကို တွေ့ရှိရပါသည်။

**(၂) သဘာဝရင်းမြစ်နှင့်ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

ဇယား (၂) တလုတ်ကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့် စမ်း စသည့်) |
|---|---|---|---|---|
| လယ်မြေ | ၄၃၇ | ကောင်း | ရ | ချောင်း |
| ယာမြေ/တောင်ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၄၃၇ | | | |

ရင်းမြစ် – ဦးတည်အုပ်စု ဆွေးနွေးခြင်း–ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်း ကျေးရွာသည် လယ်မြေဧက (၄၃၇) ဧကခန့် ရှိပြီး ခြောက်ထောက် ဆည် ရေရရှိပါသဖြင့် တောင်သူများအတွက် စိုက်ပျိုးရေ လုံလောက်မှု ရရှိကြောင်း တွေ့ရှိပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) တလုတ်ကုန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် သဘာဝအရင်းအမြစ် | များ | လွယ် |
| တိရစ္ဆာန်မျိုးစိပ်များ | သင့် | လွယ် |
| အပင်မျိုးစိပ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့် | လွယ် |
| ပျမ်းမျှအပူချိန် – ၁၀၉ F | ပျမ်းမျှမိုးရေချိန် – ၄၀" | |

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာ နယ်နိမိတ်အတွင်း ကျောက် ၊ ကျောက်စရစ်များ အလွယ်တကူ မထုတ်ယူနိုင်သော်လည်း သဲမှာအလွယ်တကူ ရရှိနိုင်ပါသည်။တိရစ္ဆာန်မျိုးစိပ်များမှာ အသင့်တင့်ရှိပြီး လူနှင့်တိရစ္ဆာန်များအတွက် အသုံးဝင်သော အပင်များမှာ တမာပင် ၊ မန်းကျည်းပင် ၊ မာလကာပင် ၊ သြဇာပင် ၊ ဖရုံပင် ၊ ဘူးပင် ၊ ချဉ်ပေါင်ပင် ၊ ခရမ်းချဉ်သီးပင် ၊ မြေပဲ ၊ နှမ်း ၊ မတ်ပဲနှင့် ကုလားပဲ စသည့် အပင်တို့ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။

(၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ဇယား(၄) တလုတ်ကုန်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁√ ၂□ ၃□ | ပညာရေး√ငွေကြေး√<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး√ | – |
| ၂ | ဘာသာရေး အဖွဲ့ | ၁□၂□၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | – |
| ၃ | ပရဟိတ အဖွဲ့ | ၁□၂ √ ၃□ | ပညာရေး□ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | – |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၄ | နာရေးအဖွဲ့ | ၁□ ၂ √ ၃□ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |
| ၅ | ကျောင်း ကော်မတီ အဖွဲ့ | ၁ ၂ □ ၃ √ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | |
| ၆ | အမျိုးသမီး အဖွဲ့ | ၁□ ၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး√<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |
| ၇ | လူငယ်အဖွဲ့ | ၁□ ၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | |

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင် ဘာသာရေး ၊ သာရေး ၊ နာရေး လုပ်ငန်း များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ပရဟိတလူငယ်အဖွဲ့မှ ဦးဆောင်ပြီး ဘာသာရေးအဖွဲ့ ၊ ပရဟိတ အဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ လူငယ်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်ကြပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅) တလုတ်ကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၃ ဧက | ၇ ဧက | ၄ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ ၊ ပျဉ်ထောင် | (၄)ပင်အိမ် ၊ ပျဉ်ထောင် | (၄)ပင် ၊ ဝါးထရံကာ | (၃)ပင်အိမ် သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှု နှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်စက် နွားလှည်း၊ စပါးချွေစက်၊ | ဆိုင်ကယ်၊ နွားလှည်း | နွားလှည်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၂၂ | ၅၁ | ၅၀ | ၅၁ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုထက် အဆင်မပြေသော အိမ်ထောင်စုမှာ ပိုမို များပြားပြီး အသက်အရွယ်ကြီး၍ အလုပ်မလုပ်နိုင်ခြင်း ၊ ဒေသအတွင်း ဝင်ငွေရရှိသော လုပ်ငန်းများ ရှားပါးမှုဖြစ်၍ ပြည်တွင်း ၊ ပြည်ပ များသို့ သွားရောက်လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။

### (၄.၂) သီးနှံထုတ်လုပ်မှု
### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) တလုတ်ကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၁ | ၂၉ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ကေအောက်(၁ဟက်တာထိ) | ၁၃ | ၇ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ကေအထိ(ဟက်တာထိ) | ၅၀ | ၂၈ | တောင်သူငယ် |
| ၄ | ၅ကေမှ ၁၂.၅ကေထိ (၅ ဟက်ထာထိ) | ၄၀ | ၂၂ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် (၅ ဟက်တာနှင့်အထက်) | ၂၀ | ၁၁ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၁၇၄ | | |

ရင်းမြစ် – (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးလက်ပြည်သူများ ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိက ထားလုပ်ကိုင်ပါသည်။စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ရရှိရေး ၊ မြေဆီလွှာ ထိန်းသိမ်းရေး ၊ ဖျက်ပိုး ကာကွယ်နှိမ်နှင်းရေးများအတွက် အသိပညာပေး ဗဟုသုတများ လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ မြေယာမဲ့အိမ်ထောင်စုများအတွက် အသက်မွေးဝမ်းကျောင်း အလုပ်များအား လာရောက်သင်တန်း ပို့ချပေးသွားမည်ဆိုပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

### (၄-၂-၂) တလုတ်ကုန်းကျေးရွာ၏ အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၄၃၇ | တင်း | ၄၀ | ၇၅ | ၅၀ | များ |
| မတ်ပဲ | ၁၀၀ | တင်း | ၃ | ၆ | ၃.၅ | နည်း |
| ကုလားပဲ | ၃၃၇ | တင်း | ၁၀ | ၁၅ | ၁၁ | သင့် |
| နှမ်း | ၄၃၇ | တင်း | ၆ | ၁၂ | ၈ | သင့် |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိကထား စိုက်ပျိုးသော သီးနှံမှာ စပါးဖြစ်၍ စိုက်ပျိုးရန်အတွက် ခြောက်တောင်ဆည်မှ ရေလုံလောက်စွာ ရရှိပါသည်။မိုးကောင်းသော နှစ်များတွင် လယ်တစ်ဧက စပါး တင်း (၇၅) ၊မိုးခေါင်သောနှစ်များတွင် (၁)ဧကလျှင် စပါးတင်း(၄၅)တင်း ခန့်သာထွက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၄-၃) မွေးမြူရေးလုပ်ငန်း**

ဇယား(၈)တလုတ်ကုန်းကျေးရွာ၏မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၇၁ | ၁၆၄ |
| နို့စားနွား | - | - |
| ကျွဲ | ၂၂ | ၅၃ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၉၁ | ၁၅၇ |
| ကြက် | ၁၁၀ | ၄၉၅ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင် လယ်ယာမြေများ ထွန်ယက်ရန်အတွက် နွား နှင့် ကျွဲ များကိုသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ဝက် ၊ ကြက် တို့ကိုလည်း အနည်းငယ်သာ မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၉) တလုတ်ကုန်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ် သမားအရေ အတွက် | မိသား စုဝင် လုပ် အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | ၃ | ၅ | ၅ | လတ် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှ၊ပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်း ပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၅ | - | ၅ | လတ် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | ၃ | - | ၃ | လတ် |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါ အဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၁၀ | - | လတ် |
| ၁၃ | ကျန်းမာရေး | ၁ | ၂ | - | လတ် |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးဝမ်းလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၁၃ | ၁၇ | ၁၃ | |

ရင်းမြစ်– ဦးတည်အုပ်စု ဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု ၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု ၊ လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင် ပန်းရံ ၊ လက်သမား ကျွမ်းကျင်သူများရှိ သော်လည်း အလုပ်ပုံမှန် မရှိသောကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## (၅) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား(၁၀)တလုတ်ကုန်းကုန်စည်နှင့်ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | တောင်လျှောင်းဈေး | ဆတ်သွား |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် √ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျှင် √ စက်ဘီး☐ ဆိုင်ကယ်√ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျှင် ☐ စက်ဘီး ☐ ဆိုင်ကယ်√ ကား/ထော်လာဂျီ √ ရထား √ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ်– ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊လယ်သမားအုပ်စု၊အမျိုးသမီးအုပ်စု၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ကျေးရွာမှ ကုန်စည်များရောင်းချခြင်းနှင့်ဝယ်ယူခြင်းတို့အတွက် အနီးစပ်ဆုံး တောင်လျှောင်း(၅)ရက် တပတ်ဈေး၊ ဆတ်သွားဈေးနှင့် တောင်တွင်းကြီးမြို့မဈေးသို့ သွားရောက် ရပါသည်။ တလုတ်ကုန်းကျေးရွာမှ တောင်လျှောင်းဈေးသို့ သွားရောက်ရာတွင် ဆိုင်ကယ် ၊ ခြေလျင် များဖြင့် သွားရောက်ရပါသည်။တောင်လျှောင်းဈေးတွင် ကုန်စည်များစုံလင်စွာ မရရှိသောကြောင့် ဆတ်သွားဈေး ၊ တောင်တွင်းကြီးမြို့မဈေးသို့ ရထားဖြင့် သွားရောက်ရပါသည်။ တလုတ်ကုန်း ကျေးရွာနှင့် တောင်လျှောင်းဈေးမှ ၀ မှ ၁မိုင် တလုတ်ကုန်းကျေးရွာမှ ဆတ်သွားသို့ (၆)မိုင်

တလုတ်ကုန်းကျေးရွာမှ တောင်တွင်းကြီးမြို့သို့ မိုင်(၂၀)ခန့်ရှိပါသည်။ ဆက်သွယ်ရေး ကောင်းမွန်ခြင်း မရှိသောကြောင့် ဒေသထွက်ကုန်များ ရောင်းချရာတွင် ဈေးနည်းရရှိပြီး ဒေသထွက် သွင်းကုန်များ ဝယ်ယူသုံးစွဲရာတွင် ဈေးမြင့်မားစွာ ဝယ်ယူနေရကြောင်း တွေ့ရှိရပါသည်။

၂၂

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ**

ဇယား(၁၁) တလုတ်ကုန်းကျေးရွာ၏လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည်(မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁□ ၂√ ၃ □<br>၄ □ ၅ □ | ကောင်း□သင့်√ ညံ့ □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး√ | ၀-၁မိုင် √<br>၁-၅မိုင် □<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် □ |
| ချဉ်းကပ်လမ်း | ၁ □ ၂□ ၃√<br>၄ □ ၅ □ | ကောင်း□သင့်□ ညံ့√ | ပွင့်လင်းရာသီ√<br>တစ်နှစ်ပတ်လုံး□ | ၀-၁မိုင် □<br>၁-၅မိုင် √<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် □ |
| ရွာချင်းဆက်လမ်း | ၁ □ ၂ √ ၃ □<br>၄ □ ၅ □ | ကောင်း□သင့် √ ညံ့ □ | ပွင့်လင်းရာသီ □<br>တစ်နှစ်ပတ်လုံး √ | ၀-၁မိုင် √<br>၁-၅မိုင် □<br>၅-၁၀ မိုင် □<br>၁၀ မိုင်အထက် □ |

ရင်းမြစ်- ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာ၏ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်၍ မိုးရာသီချိန်တွင် ကျွဲ ၊ နွား ၊ လှည်း ၊ လက်တွန်းထွန်စက် ၊ ထွန်စက်ကြီးများ စသည့် မောင်းနှင်ခြင်းကြောင့် လမ်းများ ဆိုးရွားစွာပျက်ဆီးနေကြောင်း တွေ့ရှိရပါသည်။ တလုတ်ကုန်း ကျေးရွာ၏ ချဉ်းကပ်လမ်းသည် ကိုယ်ထူကိုယ်ထမြေသားလမ်းဖြစ်ပြီး အနံ (၂၅)ပေ ၊ အလျား ပေ (၄၀၀၀) ကျော်ခန့်ရှိပြီး ချောင်းကူးတံတား(၁၉၀)ပေခန့်ရှိသော တံတားအား လုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့် ကျေးရွာမှ ထွက်ကုန်သီးနှံများ ပို့ဆောင်ရာတွင် ခက်ခဲမှုများ ရှိကြောင်း တွေ့ရှိရပါသည်။

**(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး(အသုံးမပြုပါက အကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် √ ပါ )။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀ မိုင်အထက် ☐<br>အသုံးမပြုပါ ☐ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀ မိုင်အထက် ☐<br>အသုံးမပြုပါ ☐ | ၁☐ ၂☐ ၃☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်–ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင် ရေကြောင်းလမ်း အသုံးပြုခြင်း မရှိပါကြောင်း တွေ့ရှိရပါသည်။

**(၅–၄) တလုတ်ကုန်း သယ်ယူပို့ဆောင်ရေးယာဉ်များနှင့်ဝန်ဆောင်မှုများ**

ဇယား(၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | – | – | ၃၄ | ၇၆ | – | – | ၁ | – | ၉၇ |

ရင်းမြစ်– ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် နွားလှည်းကိုသာ အဓိကထား သုံးစွဲပါသည်။ မိုးတွင်းကာလတွင် ချောင်းရေကြီး၍ တံတားမရှိခြင်းကြောင့် ကားများ ၊ ဆိုင်ကယ်များမှာ သွားလာရန် ခက်ခဲကြောင်း တွေ့ရှိရပါသည်။

**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၆၀ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော | - |
| လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၄ |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် မီးအလင်းရောင်ရရှိရေး အတွက် ဆိုလာစနစ်ဖြင့်သာ အသုံးပြုနေရခြင်းကြောင့် လုံလောက်စွာ မီးမရရှိကြောင်း တွေ့ရှိရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၇၅ | ၄၁ | ၁၁၃ |

ရင်းမြစ် - အိမ်ထောင်စုစာရင်း ကောက်ယူမှု

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင်ဆက်သွယ်ရေးသတင်းအချက်အလက်ရယူရန် တီဗွီ ၊ ဖုန်း ၊ ရေဒီယို ၊ တီဗွီ နှင့်ဂြိုလ်တု စလောင်းများကိုသာ အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

**(၆) ပညာရေး**

**(၆-၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၆ | ၃၀ | ၆၆ |
| အလယ်တန်း | ၂၄ | ၂၅ | ၄၉ |
| အထက်တန်း | ၇ | ၁၁ | ၁၈ |
| တက္ကသိုလ်ကောလိပ် | ၅ | ၆ | ၁၁ |

ရင်းမြစ် – (၁)ကျောင်းဝင်စာရင်း ၊ (၂) ဆယ်အိမ်မှူးများ

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ ကျောင်းနေအရွယ်ကလေးများသည် မိမိတို့ကျေးရွာရှိ မူလတန်းကျောင်းတွင် အေးချမ်းစွာ ပညာသင်ယူလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျောင်းသား/သူဦးရေ နှင့် သင်ကြားနေသော ဆရာ/ဆရာမ ဦးရေလုံလောက်စွာ ရှိကြောင်းတွေ့ရှိရပါသည်။

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း √<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ | မူလတန်း □<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ | မူလတန်း √<br>မူလွန် □<br>အလယ်တန်း(ခွဲ)□<br>အလယ်တန်း □<br>အထက်တန်း(ခွဲ)□<br>အထက်တန်း □ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၁၅ မိုင်မှ ၂၀ မိုင် □<br>၂၀ မိုင် အထက် □ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် √<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ | ခြေလျင် □<br>စက်ဘီး □<br>ဆိုင်ကယ် □<br>ကား □ |
| ဃ။ စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ(စတုရန်းပေ) | အလျား×အနံ×အမြင့်<br>(၁၂၉× ၃၀×၁၂ ) ပေ | | |
| င။ အမိုး ၊ နံရံ ၊အခင်းအရည်အသွေး | ကောင်း□သင့်□ညံ့√ | ကောင်း□သင့်□ညံ့□ | ကောင်း□သင့်□ညံ့□ |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ √ | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ □ | လုံလောက်မှုရှိပါသည်□<br>မလုံလောက်ပါ □ |
| ဆ။ ကျောင်းအိမ်သာအခြေအနေ | ကောင်း □ သင့် √<br>ညံ့ √ မရှိ □ | ကောင်း □ သင့်<br>ညံ့ မရှိ □ | ကောင်း □ သင့် □<br>ညံ့ □ မရှိ □ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိပါသည်√<br>တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည်□<br>တိုက်ကျွေးမှု မရှိပါ □ | တိုက်ကျွေးမှုရှိပါသည်√<br>တိုက်ကျွေးမှု မရှိပါ □ |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား – မ – ပေါင်း | ကျား – မ –ပေါင်း | ကျား – မ –ပေါင်း |
| အစိုးရခန့် | ၂ – ၅ – ၇ – | – | – |

| ကျေးရွာခန့် | - | - | - |
|---|---|---|---|



ရင်းမြစ် - (၁)ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု ၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စာသင်ကျောင်းတွင် အလျား (၁၂၉)ပေ ၊ အနံ (၃၀) ပေ ၊ အမြင့် (၁၂) ပေ ရှိ ကျောင်းဆောင် (၁)ဆောင် ရှိပါသည်။ဝန်ထမ်းအိမ်ရာနှင့် KG ကျောင်းဆောင်တို့ လိုအပ်လျက်ရှိပြီးကျောင်း၏မျက်နှာကျက်ပျက်ဆီးနေပြီး ကျောင်းဝန်းခြံစည်းရိုးများပျက်ဆီးလျက်ရှိပါသည်။ ကျေးရွာအလှူရှင်များမှ တခါတရံ အာဟာရဒါန တိုက်ကျွေးကြောင်း တွေ့ရှိရပါသည်။

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျော | မြင့် ☐ နိမ့်√ မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့်√ မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ နိမ့်√ မရှိ☐ |
| ၄ | အသက်ရှုလမ်းကြောင်းကူးစက်ရောဂါ | မြင့် ☐ နိမ့်☐ မရှိ√ |
| ၅ | HIV,AIDS , လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ | မြင့် ☐ နိမ့်☐ မရှိ√ |
| ၆ | တီဘီ | မြင့် ☐ နိမ့်√ မရှိ ☐ |
| ၇ | ဆီးချို | မြင့် √ နိမ့် ☐ မရှိ ☐ |
| ၈ | သွေးတိုး | မြင့် √ နိမ့် ☐ မရှိ ☐ |
| ၉ | အသည်းရောဂါ(ဘီ၊စီ) | မြင့် ☐ နိမ့်√ မရှိ ☐ |
| ၁၀ | အာဟာရချို့တဲ့မှု | မြင့် ☐ နိမ့် √ မရှိ√ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့်☐ မရှိ√ |

ရင်းမြစ်- (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု(၂)ကျေးလက် ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။မိုးတွင်းကာလတွင်သွေးလွန်တုပ်ကွေးရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်တတ်ပြီးအခြားရောဂါများအနည်းငယ်ဖြစ်ပွားပြီးသေကြေပျက်စီးခြင်းများမရှိကြောင်းတွေ့ရှိရပါသည်။

**(၇-၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း(ရှိ၊မရှိ အမှန်ခြစ်ရန် | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | √ |

| | | | |
|---|---|---|---|
| ၂ | ဆုံဆို့၊ကြက်ညှာ ၊ မေးခိုင်နှင့် အသည်းရောဂါ | √ | |
| ၃ | ပိုလီယိုရောဂါ | √ | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင်ကာလအတွင်း) | √ | |
| ၅ | ဝက်သက်ရောဂါ | √ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | √ | |
| ၇ | အာဟာရမှတ်တမ်းယူမှု အရပ်အမြင့်၊အလေးချိန်၊ လက်မောင်းပတ်) | √ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | √ | |



ရင်းမြစ် – (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။။**တလုတ်ကုန်းကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်းကာကွယ်ဆေးများကို သတ်မှတ်ကာလအတွင်း အချိန်မီထိုးနှံ တိုက်ကျွေး မှုရှိကြောင်း တွေ့ရှိရပါသည်။

**(၇–၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ /ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့များနှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေးဝန်ဆောင်မှု | ခရီးအကွာအဝေး | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး<br>ဌာန / ဌာန ခွဲ | ၀ မှ ၁ မိုင် √<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင် အထက် □ | ရှိ □<br>မရှိ√ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် √<br>၅ မိုင် မှ ၁၀ မိုင် □<br>၁၀ မိုင် အထက် □ | ရှိ √<br>မရှိ □ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် □<br>၁ မိုင် မှ ၃ မိုင် □<br>၃ မိုင် မှ ၅ မိုင် □<br>၅ မိုင် မှ ၁၀ မိုင် □ | ရှိ √<br>မရှိ □ |

| | | |
|---|---|---|
| | ၁၀ မိုင် အထက် √ | |

ရင်းမြစ် – (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု ၊(၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားသည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများမှအပ အခြား မည်သည့် အထောက်အပံ့များ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။



## (၇–၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇–၄–၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုနိုင်သော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (နွေ ၊ မိုး ၊ ဆောင်း ) |
|---|---|---|---|
| ရေတွင်း | ၁ | ကောင်း☐ သင့်√ ညံ့☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝီစိတွင်း / စက်တပ် | ၁၁ | ကောင်း√ သင့်☐ ညံ့☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| အဝီစိတွင်း / တုံကင် | ၁၆၂ | ကောင်း√ သင့်☐ ညံ့☐ | (နွေ ၊ မိုး ၊ ဆောင်း ) |
| မိုးရေ သိုလှောင်ကန် | – | ကောင်း☐ သင့်☐ ညံ့√ | – |
| မြစ်/ချောင်းရေ | – | ကောင်း☐ သင့်☐ ညံ့√ | – |
| ရေကန် | – | ကောင်း☐ သင့်☐ ညံ့√ | – |
| စိမ့်စမ်းရေ | – | ကောင်း☐ သင့်☐ ညံ့√ | – |

ရင်းမြစ် – (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု ၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အိမ်ထောင်စုတိုင်းတွင် အဝီစိတွင်းများရှိသော်လည်း အဝီစိတုံကင်တွင်း အနည်းငယ်မျှနှင့် ရေငန်တွင်းများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇–၄–၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | - |
| ရေဆွဲအိမ်သာ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | ၁၆၀ |
| မသန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲမှု | - |
| တွင်း / ဇလားအိမ်သာ | - |
| တွင်းမရှိအိမ်သာ | - |
| အိမ်သာမရှိ | ၁၄ |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု ၊ အမျိုးသမီးအုပ်စု (၂) ၊ ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စု (၁၆၀) ရှိပြီး ကျန်းမာရေးဗဟုသုတနည်းပါးကြောင်း တွေ့ရှိရပါသည်။ကျန်ရှိသော အိမ်ထောင်စု (၁၄)စုမှာ မိဘများ၏ အိမ်သာကိုသာတွဲ၍ အသုံးပြုလျက်ရှိပါကြောင်း တွေ့ရှိရပါသည်။



**(ဂ) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ**

ဇယား (၂၃) တလုတ်ကုန်းကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှု အခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု | - |
| ၃ | ရေကြီးမှု | - |
| ၄ | မိုးခေါင်ခြင်း | အနည်းငယ်ရှိပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | လျှော် | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း ၊ မြေဆီလွှာ ပျက်ယွင်းမှု | - |

| | | |
|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | - |
| ၁၂ | ငှက်ဖျားရောဂါ | အနည်းငယ်ရှိပါသည်။ |
| ၁၃ | တီဘီရောဂါ | အနည်းငယ်ရှိပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | အနည်းငယ်ရှိပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ / လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည့် | - |

ရင်းမြစ် - (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိ ရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာတွင်သီးနှံစိုက်ပျိုးပြီးမိုးနှောင်းကာလတွင် တောင်ပေါ် ဒေသသို့ သွားရောက်၍ အိမ်သုံးသစ်ဝါးများရှာဖွေခုတ်လှဲမှုများ ပြုလုပ်ကြသဖြင့် ၎င်းတို့ သောက်သုံးသည့် ရေမသန့်ရှင်းမှုကြောင့် ငှက်ဖျားရောဂါ ဝမ်းပျက်ဝမ်းရောဂါများ အနည်းငယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။



## ၉။ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) တလုတ်ကုန်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်၊ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | - |
| အပင်မျိုးစိတ်များ | လတ် | - |
| ရေအရင်းအမြစ် | လတ် | - |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာရှိ ကျေးရွာသူ/သားများသည် သဘာဝပတ်ဝန်းကျင် နှင့် မြေဆီလွှာရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုနည်းစေရန် ဓာတုဆေးဝါးများ မဆင်မခြင် သုံးစွဲနေမှုများ နည်းစနစ် မှန်ကန်စေရန် အသိပညာပေး ဗဟုသုတများလိုအပ်လျက်ရှိကြောင်း တွေ့ရှိ ရပါသည်။

(၁၀) **ကျား - မရေးရာ**

ဇယား (၂၅) တလုတ်ကုန်းကျေးရွာ၏ ကျား/မရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေး အတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စု ဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ□ | မရှိ√ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ√ | မရှိ □ |

ရင်းမြစ်-(၁)အဖွဲ့အစည်းများစာရင်း၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း ၊ ရပ်မိရပ်ဖအုပ်စု ၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။တလုတ်ကုန်းကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် လူငယ်ပရဟိတအသင်းအဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်း ပါဝင်ကြပြီး အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ လုံးဝ မရှိကြောင်း တွေ့ရှိရပါသည်။



၇။ **ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ**

**တောင်တွင်းကြီးမြို့နယ် ၊ တလုတ်ကုန်းကျေးရွာအုပ်စု ၊ တလုတ်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား**

**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | -ရွာတွင်းလမ်း မကောင်း ခြင်း။ | -ထွန်စက်မောင်း ခြင်း။ တိရစ္ဆာန်အထွက် များခြင်း ။ -အိမ်ဝိုင်းတွေမြင့် ပြီးလမ်းနိမ့်ခြင်း။ | - လုပ်အား ထည့် ဝင်နိုင်ခြင်း။ -သဲအလွယ် တကူ ရရှိနိုင်ခြင်း။ | -ကျေးရွာ ရန်ပုံငွေ မရှိခြင်း။ | - သက်ဆိုင် ရာဌာနများ နှင့် ချိတ်ဆက် သွားခြင်း။ | -ရွာတွင်း လမ်း ကွန်က ရစ် လမ်း ခင်းခြင်း စီမံချက်။ |
| ၂ | -ကျောင်းခြံ စည်းရိုး ပြုလုပ်ခြင်း။ | -ကျောင်းဝန်း အတွင်း နွားလှည်းများ ဖြတ်မောင်းခြင်း။ | -ရွာမှလုပ်ငန်း လုပ်ကိုင်ရန် အတတ်ပညာ ရှင်များရှိခြင်း။ | -ရန်ပုံငွေ မရှိခြင်း။ ကျေးရွာမှ အလှူရှင် မရှိခြင်း။ | -အုတ်တံ တိုင်းပြုလုပ် ခြင်း။ | -မူလတန်း ကျောင်း ခြံစည်းရိုး ခတ်ခြင်း စီမံချက်။ |
| ၃ | -ကျောင်းမျက် နှာကျက် ပျက်စီးခြင်း။ | -နှစ်ကြာနေပြီ ဖြစ်ခြင်း။ -ထရံမျက်နှာ ကျက်ဖြစ်ခြင်း။ | -ရွာမှလုပ်ငန်း လုပ်ကိုင်ရန် အတတ်ပညာရှင် များရှိခြင်း။ | -ကျောင်း ကော်မတီ အဖွဲ့ဝင် များမှချိတ် ဆက်မှုအား နည်းခြင်း။ | -ပညာရေး ဌာနနှင့် ချိတ်ဆက် ခြင်း။ | - မူလတန်း ကျောင်း ဆောင် ပြုပြင်ခြင်း စီမံချက်။ |

၃၂

**တောင်တွင်းကြီးမြို့နယ်၊ တလုတ်ကုန်းကျေးရွာအုပ်စု ၊ တလုတ်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြုဇယား**

**တောင်သူအဖွဲ့**

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | -ရွာလယ်လမ်း ရေမြောင်း မရှိခြင်း။ | -ရေမြောင်းတူး မည်ဆိုပါက အိမ်အဝင် တံတားဆောက် လုပ်ရန် အိမ်ရှင် များက ခွင့်မပြု ခြင်း။ | -ကျေးရွာမှ လုပ်သားများ ရှိခြင်း။ | -ငွေအရင်း အနှီး မရှိခြင်း။ | -ကျေးရွာမှ ဦးဆောင် မည့် အဖွဲ့ အစည်းများ ရှိခြင်း။ | -ရွာတွင်းရေ နှုတ်မြောင်း တူးဖော်ရေး စီမံချက်။ |
| ၂ | -ကုန်စည် ပို့ဆောင်ရန် ခက်ခဲခြင်း။ | -လူသွားတံတား ဖြစ်နေခြင်း။<br>-ကြိုးတံတားဖြစ် နေခြင်း။ | -လုပ်အား ထည့်ဝင်နိုင် ခြင်း။<br>-တံတား တည်ဆောက် ရန် မြေနေရာ အလှူရှင်ရှိခြင်း။ | -ငွေကြေး မရှိခြင်း။<br>-ကျေးရွာမှ တံတား ဆောက် လုပ်ရန် အတတ် ပညာရှင် ရှိခြင်း။ | -ရွာချင်း ဆက်တံတား အဆင့် မြှင့်တင်ခြင်း။ | -ရွာချင်းဆက် တံတားတည် ဆောက်လုပ် ခြင်းစီမံချက်။ |

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်း များ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ပုံမှန်ဝင်ငွေ မရှိခြင်း။ | -ကျေးရွာမှ လစဉ် အလုပ် လုပ်နိုင်ခြင်း မရှိခြင်း။<br>-အတတ်ပညာ အားနည်းခြင်း။ | -သင်တန်းဖွင့် ရန် နေရာရှိ ခြင်း။<br>-သင်တန်း သားရှိခြင်း။ | -ဒေသတွင်း အလုပ်ရှား ပါးသည့် အတွက် ပြည်ပထွက် ပြီး အလုပ် လုပ်သူများ ခြင်း။ | -သက်ဆိုင်ရာ ဌာနများ နှင့် ချိတ်ဆက် သွားခြင်း။ | - အသက်မွေး ဝမ်းကျောင်း သင်တန်း ဖွင့်လှစ်ခြင်း စီမံချက်။ |
| ၂ | -အခြား အသက် မွေးဝမ်း ကျောင်း လုပ်ငန်းများ မလုပ်ကိုင် ခြင်း။ | -လုပ်ငန်း လုပ်ကိုင်ရန် အရင်းအနှီး၊ နည်းပညာ မရှိခြင်း။ | -အလုပ်လုပ် နိုင်သော လုပ်သားများ ပြားခြင်း။ | -နည်းပညာ အရင်းအနှီး၊ ဈေးကွက် လက်လှမ်း မမီခြင်း။ | -အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက် သည့်ဌာနများ နှင့် ချိတ်ဆက် လုပ်ဆောင် ခြင်း။ | -ဆိုင်ကယ် ပြင်သင် တန်း၊လက် သမား၊ပန်းရံ သင်တန်း၊ တောင်း၊ ဖျာ ရက်လုပ်ခြင်း သင်တန်း စီမံချက်။ |

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက် အပံ့ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -ကျန်းမာရေး နှင့်ပတ်သက် ၍ လမ်းပန်း ဆက်သွယ် ရေးခက်ခဲ ခြင်း။ | -ကျန်းမာရေး ဗဟုသုတနည်း ပါးခြင်း။ -ဆေးပေးခန်း မရှိခြင်း။ | -မြေနေရာ ရှိခြင်း။ -လုပ်သား အင်အား ထည့်ဝင် နိုင်ခြင်း။ | -ကျေးရွာ တာဝန်ကျ ဆရာမ မရှိခြင်း။ | -ကျေးရွာဆေး ခန်းဆောက် လုပ်ရန်ဌာန ဆိုင်ရာ နှင့် အချိတ်အဆက် ပြုလုပ်သွားခြင်း။ | -ကျန်းမာရေး ဆေးပေးခန်း ဆောက်လုပ် ခြင်းစီမံချက်။ |
| ၂ | -ကျန်းမာရေး ဗဟုသုတ နည်းပါးခြင်း။ | -ဗဟုသုတ ဝန်ဆောင်မှု မရှိခြင်း ။ | -ပုံမှန် ဝန်ဆောင်မှု ပေးနိုင် ခြင်း။ | -သင်တန်း တက်ရောက် ရန်အဆက် အသွယ် မရှိခြင်း။ | -ကျန်းမာရေး ဌာနနှင့်ချိတ် ဆက်ဆောင်ရွက် သွား ခြင်း။ | -ကျေးလက် ကျန်းမာရေး ကြက်ခြေနီ သင်တန်း ဖွင့်လှစ်ခြင်း စီမံချက်။ |

| စဉ် | လက်ရှိ အခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲ ပြဿနာများ ကိုဖြစ်စေသော အကြောင်း အရင်းများ | ဖွံ့ဖြိုးရေး အတွက် အထောက်အပံ့ ဖြစ်မည့် အခြေအနေ ကောင်းများ | အဟန့် အတား များနှင့် စိန်ခေါ်မှု များ | ဖြေရှင်းရန် နည်းလမ်းများ | အဆိုပြု စီမံချက်များ နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -လူငယ်များ စာဖတ်သည့် အလေ့အကျင့် မရှိခြင်း။ | -ဖုန်းအသုံး များခြင်း။ -ဖုန်းအလွယ် တကူ ရရှိခြင်း။ -ဈေးနှုန်း သက်သာခြင်း။ -ဆင်းကဒ်များ ပေါခြင်း။ | -စာကြည့် တိုက်မြေနေရာ ရှိခြင်း။ | -လူငယ်များ စာဖတ်မှုအား နည်းခြင်း ။ -အလှူရှင် များမရှိခြင်း။ | -ဖုန်းအသုံးပြု မည့်အချိန်မှာ ဗဟုသုတရမည့် စာအုပ်တွေ ဖတ်သွားခြင်း။ | -စာကြည့် တိုက် ဆောက် လုပ်ခြင်း စီမံချက်။ |
| ၂ | -လူငယ်များ အစည်းအဝေး ရုံးလုပ်ရန် နေရာမရှိခြင်း။ | -အစည်း အဝေးလုပ် သည့်နေရာ ဝေးခြင်း။ | -ရွာပိုင်မြေ နေရာရှိခြင်း။ -လုပ်သား အင်အား ရှိခြင်း။ -ပရဟိတ လူငယ်အဖွဲ့ အစည်းရှိခြင်း။ | -အသင်း ရန်ပုံ ငွေနည်း ပါးခြင်း။ -အလှူရှင် မရှိခြင်း။ | -ပရဟိတ အသင်းအဖွဲ့ ကြီးများနှင့် ချိတ်ဆက် သွားခြင်း။ | -ကျေးရွာ လူငယ်ပရဟိ တရုံးခန်း ဆောက်လုပ် ခြင်းစီမံချက်။ |